# မြန်မာနိုင်ငံအလယ်ပိုင်းဖားများ

George R. Zug (Smithsonian Institution)
Htun Win (NWCD)
Thin Thin (NWCD)

နှင့်

ဒေါ်သင်းသင်း / ဦးထွန်းဝင်း ...

ချုပ်သင်းဘေးမဲ့တော

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

သစ်တောဦးစီးဌာန

Presentation – Herpetological Surveys in Myanmar
Joseph B. Slowinski and George R. Zug
Division of Nature and Wildlife Conservatio
Forest Department
Yangon MYANMAR
19 April 2000

# နှုတ်ခွန်းဆက်

၁၉၉၇ခုနှစ်ဇူလိုင်လမှစ၍ချပ်သင်းဘေားမဲ့တောနှင့်ငှင်းပတ်ဝန်းကျင်ဒေသမှဖားများကိုသုတေသနပြုစာရင်းကောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ထိုအချိန်မှစ၍ယခုအချိန်ထိချပ်သင်းဘေးမဲ့တော၌မျိုးစိတ်စုစုပေါင်း(၁၆)မျိုးလေ့လာတွေ့ရှိခဲ့ပါသည်။

ချပ်သင်းဘေးမဲ့တောမှဖားများသည်မြန်မာနိုင်ငံအလယ်ပိုင်းအတွက်ကိုယ်စားပြုဖားများဖြစ်ပြီးမြန်မာနိုင်ငံအတွက်အမျိုးအစားခွဲခြားရန်လမ်းညွှန်စာအုပ်မရှိသေးပါ။မြန်မာနိုင်ငံအလယ်ပိုင်းရှိဖားများ၏မျိုးစိတ်တစ်ခုချင်း(သို့)အုပ်စုတစ်ခုခြင်းများ၏သွင်ပြင်လက္ခဏာနှင့်ပဏာမစာရင်းအချက်အလက်ကိုစတင်ဖေါ်ပြထားပါသည်။

သွင်ပြင်လက္ခဏာဖေါ်ပြချက်တစ်ခုစီတွင်မြန်မာနိုင်ငံအလယ်ပိုင်းရှိအမျိုးမျိုးသောဖားမျိုးစိတ်များ(သို့)အလွန်ဆင်တူသောဖားမျိုးစိတ်အုပ်စုများကိုစာဖတ်သူများခွဲခြားသိရှိနိုင်လောက်သည့်ထူးခြားသောသွင်ပြင်လက္ခဏာများဖေါ်ပြထားပါသည်၊အရွယ်ရောက်သောအထီးအရွယ်အစားနှင့်အမအရွယ်အစားကွာခြားချက်ကိုခွဲခြားဖေါ်ပြထားပါသည်။

အနာဂတ်တွင်အောင်မြင်သောစာရင်းဇယားများပြုစုနိုင်ရန်ဝေဖန်ချက်၊ပြင်ဆင်ချက်၊ဖြည့်စွက်ချက်များပေးပါရန်တင်ပြအပ်ပါသည်။စာဖတ်သူ၏ထင်မြင်ဝေဖန်ချက်ကိုချပ်သင်းဘေးမဲ့တောမှဒေါ်သင်းသင်းနှင့်ဦးထွန်းဝင်းထံသို့ပေးပို့လမ်းညွှန်နိုင်ပါသည်။

# ချပ်သင်းဘေးမဲ့တောမှဖားမျိုးစိတ်စာရင်း


| Species name | | Pages No |
|---|---|---|
| 1.*Bufo melanostictus* | - ဖားပြုတ် | 1 |
| 2.*Kalophrynus pleurostigmata* | - ဖားစေးနဲ | 2 |
| 3.*Kaloula pulchra* | - ဖားကြောင်(ဖားခုံညင်း) | 3 |
| 4.*Glyphoglossus molossus* | - ဖားအိုင်း | 4 |
| 5.*Microhyla small*(Thae phar lay) | - သဲဖားလေး | 5 |
| 6.*Microhyla ornata* | - သဲဖား | 5 |
| 7.*Occidozyga lima* | - ဖားတလက် | 6 |
| 8.*Rana lateralis* | - ဖားသွယ်(ဖားပေါင်စင်း) | 7 |
| 9.*Rana limnocharis* | - ဖားသွယ် | 8 |
| 10.*Rana limnocharis* (small) | - ဖားသွယ် | 8 |
| 11.*Rana limnocharis* (large) | - ဖားသွယ် | 8 |
| 12.*Rana macrodactyla* | - ဖားသွယ် | 9 |
| 13.*Rana rugolusa* | - ဖားသွယ် | 10 |
| 14.*Tomopterna breviceps* | - ဖားကြောင် | 11 |
| 15.*Chirixalus nongkhoensis* | - ဖားပျံ | 12 |
| 16.*Polypedates leucomystax* | - ဖားပျံ | 13 |

(<u>Bufo</u> <u>melanostictus</u> - Bufonidae)

Phar Pyoke - ဖားပြုတ်

<u>အရွယ်အစား</u> – အထီး ၇၄ – ၁၀၁ မီလီမီတာ ( SVL )
– အမ ၉၉ – ၁၁၃ မီလီမီတာ ( SVL )

<u>ပြင်ပလက္ခဏာများ</u>

<u>ဦးခေါင်း</u> – ဦးခေါင်းသည်ကြီးမားပြီးဝိုင်းသည်။
Cranial crest သည် မျက်လုံးတစ်ဖက်တစ်ချက်စီ၏အပေါ်ဘက်၌ခင်တန်းသဏ္ဌာန်ပါရှိသည်။ဦးခေါင်းနှင့်လည်ပင်းနောက်ဘက်တစ်ဘက်တစ်ချက်စီတွင်ရှည်မျောမျောသဏ္ဌာန် Parotoid gland ပါရှိသည်။

<u>အရောင်</u> –ကျောဘက်အရောင်သည်အညိုရောင်ဖျော့ဖျော့(သို့မဟုတ်)ကြပ်ခိုးရောင်ခပ်ဖျော့ဖျော့ရှိပြီးအနက်ရောင်ဆူးတောင်ငယ်လေးများစွာတွေ့ရှိနိုင်သည်။ ပေါင်တွင်ကျောဘက်အရောင်နှင့်ဆင်တူသည်။

<u>ကျောဘက်မျက်နှာပြင်</u> – ကျောဘက်တွင်အဖုငယ်လေးများထိပ်တစ်ခုစီတွင်များစွာသောဆူးချွန်လေးများတစ်ခုစီပါရှိသည်။

<u>ရှေ့လက်</u> – လက်ချောင်းထိပ်သည်လုံးဝန်းသည်။

<u>နောက်ခြေ</u> – နောက်ခြေတို့သည်ရှေ့လက်ထက်အနည်းငယ်သာရှည်သည်။
ခြေချောင်းများကြားတွင်ရေယက်မပါရှိပါ။

<u>နေထိုင်ရာဒေသ</u> – လူနေအိမ်ခြေများ၊လယ်ယာများဝန်းကျင်တို့၌များစွာတွေ့နိုင်သည်။

**(Kalophrynus Pleurostingmata - Microhylidae)**

**Phar SiNe -** ဖားစေးနဲ

အရွယ်အစား - အမ ၃၈ - ၄၄ မီတာ (SVL)

ပြင်ပလက္ခဏာများ

ဦးခေါင်း - ဦးခေါင်းသေးပြီးအနည်းငယ်ချွန်သည်။ဦးခေါင်းနှင့်လည်ပင်းတွင်အကျိတ်အဖုအစင်းတန်းနှင့်ဂလင်းများမပါရှိပေ။

အရောင် - ကျောလယ်တွင်ညိုဝါရောင်တပြေးတည်းရှိသည်။ဘေးဘက်မှအဝါရောင်စင်းကြောင်းငယ်သည်နှာဖျားမှစအိုဝအထိရှိပြီး၊ငင်းအနီးတွင်အညိုအရင့်ရောင်ဖြင့်ပိုင်းခြားထားသည်။ ပေါင်တွင်ကျောဘက်နှင့်အရောင်တူသည်။

ကျောဘက်မျက်နှာပြင် - အလွန်သေးငယ်သောအကျိ၊အချွဲ၊အဖုအိတ်လေးများစွာပါရှိသည်။

ရှေ့လက် - လက်ချောင်းထိပ်ဝိုင်းဝန်းသည်။

နောက်ခြေ- နောက်ခြေတိုသည်။ရှေ့လက်ထက်အနည်းငယ်သာရှည်သည်။ ခြေချောင်းများကြားရေယက်မပါရှိပါ။

နေထိုင်ရာဒေသ - သစ်တောထဲရှိမြေပေါ်တွင်တွေ့နိုင်သည်။

**(<u>Kaloual</u> <u>Pulchra</u> - Microhylidae)**

**Phar Gon Nyin - ဖားခုံညင်း**

**(or)**

**Phar Kyaung - ဖားကြောင်**

အရွယ်အစား – အမ – ၆၆ – ၇၀ မီလီမီတာ (CVL)

ပြင်ပလက္ခဏာများ

ဦးခေါင်း – ဦးခေါင်းသည်အနည်းငယ်ကြီးပြီးချွန်သည်။
ဦးခေါင်းနှင့်လည်ပင်းတွင်အစင်းတန်းများနှင့်ဂလင်းများမပါရှိပေ။

အရောင် – ကျောလယ်တွင်မီးခိုးရောင်အောက်ခံတပြေးတည်းရှိပြီးဘေးဘက်တစ်ဘက်တစ်ချက်တွင်မျက်စိ၏အပေါ်မှစအိုဝအထိအဝါရောင်စင်းကြောင်းပါရှိသည်။
ပေါင်တွင်မီးခိုးရောင်ပေါ်၌အဖြူရောင်အကွက်များတွေ့ရသည်။

ကျောဘက်မျက်နှာပြင် – ရေဘူယှုအားဖြင့်ချောမွတ်သည်။အရေပြားထူပြီးဂလင်းများပါရှိသည်။

ရှေ့လက် – လက်ချောင်းထိပ်များထင်ရှားသိသာစွာကျယ်ပြန့်သည်။
လက်ချောင်းများ၏ထိပ်သည်စတုရန်းသဏ္ဍာန်တြိဂံသဏ္ဍာန်လိုလိုပုံစံများတွေ့နိုင်သည်။

နောက်ခြေ– နောက်ခြေထောက်တိုသည်။ရှေ့လက်ထက်အနည်းငယ်သာရှည်သည်။ခြေချောင်းများ၏အရင်းပိုင်း၌ရေယက်အနည်းငယ်ပါရှိသည်။ခြေချောင်းများထိပ်တွင်ကျယ်ပြန့်သည်။

နေထိုင်ရာဒေသ – သစ်တောများထဲ၌ မြေပေါ်တွင်တွေ့နိုင်သည်။မြို့ထဲနှင့်ကွင်းပြင်များ၌လည်းတွေ့နိုင်သည်။

(Glyphoglossus molossus - Microhylidae)

Phar Ai - ဖားအိုင်း

အရွယ်အစား – အမ ၈၄ – ၈၈ မီလီမီတာ ( SVL )
– အထီး ၆၂ – ၇၈ မီလီမီတာ ( SVL )

ပြင်ပလက္ခဏာများ

ဦးခေါင်း – ဦးခေါင်းသေးငယ်ပြီးနှာရောင်ပြားသည်။
ဦးခေါင်းနှင့်လည်ပင်းတွင်အစင်းတန်းများနှင့်ဂလင်းများမပါရှိပေ။

အရောင် – ကျောဘက်နှင့်ဘေးဘက်တွင်မီးခိုးရောင်တပြေးတည်းရှိသည်။
ပေါင်သည်လည်းမီးခိုးရောင်ရှိသည်။

ကျောဘက်မျက်နှာပြင် – ကျောဘက်သည်ချောမွတ်နည့်သည်။

ရှေ့လက် – လက်ချောင်းထိပ်ဖျားလုံးဝန်းသည်။

နောက်ခြေ – နောက်ခြေထောက်တိုသည်။ရှေ့လက်ထက်အနည်းငယ်ရှည်သည်။
ခြေချောင်းများကြားတွင်ရေယက်အပြည့်ပါရှိသည်။ဖနောင့်တွင်မြေကြီး
အားယက်နိုင်ရန်လခြမ်းသဏ္ဍာန်အရွက်ပြားပါရှိသည်။

နေထိုင်ရာဒေသ – သစ်တောထဲရှိသဲမြေများထဲတွင်တွေ့နိုင်သည်။

**(<u>Microhyla</u> <u>small</u> / <u>ornata</u> - Microhylidae)**

**Thae Phar Lay** - သဲဖားလေး

<u>အရွယ်အစား</u>

| | | |
|---|---|---|
| Small- | အမ | – ၁၆ – ၁၈ မီလီမီတာ (SVL) |
| | အထီး | – ၁၃ – ၁၆ မီလီမီတာ (SVL) |
| Ornata- | အမ | – ၁၄ – ၁၆ မီလီမီတာ (SVL) |
| | အထီး | – ၂၀ – ၂၆ မီလီမီတာ ( SVL) |

<u>ပြင်ပလက္ခဏာများ</u>

<u>ဦးခေါင်း</u> – ဦးခေါင်းငယ်ပြီးချွန်သည်။ခေါင်းနှင့်လည်ပင်းတွင်အကြိတ်အဖုအစင်းတန်းများနှင့်ဂလင်းများမပါရှိပေ။

<u>အရောင်</u> – အမျိုးမျိုးပြောင်းလဲနိုင်သည်။ Large species တွင်ပုံမမှန်သောညိုဝါရင့်ရောင်အစင်းကွက်များရှိပြီး Small species တွင်မီးခိုးရောင်ဖျော့ဖျော့အရောင်ရှိသည်။

<u>ကျောဘက်မျက်နှာပြင်</u> – အရည်အကျိတ်အိတ်အနည်းငယ်သာရှိသဖြင့်ချောမွတ်သည်။

<u>ရှေ့လက်</u> – လက်ချောင်းများ၏ထိပ်သည်လုံးဝန်းပြီးအနည်းငယ်ကျယ်ပြန့်သည်။

<u>နောက်ခြေ</u> – နောက်ခြေထောက်တိုသည်။ရှေ့လက်ထက်အနည်းငယ်သာရှည်သည်။ ခြေချောင်းများကြားတွင်ရေယက်များလုံးဝမရှိ(သို့မဟုတ်)အနည်းငယ်သာပါရှိသည်။

<u>နေထိုင်ရာဒေသ</u> – သစ်တောထဲတွင်လယ်ကွင်းများမှမြေပေါ်တွင်တွေ့ရသည်။

(Occidozyga lima - Ranidae)

Phar Ta Let- ဖားတလက်

အရွယ်အစား - အမ ၂၄ - ၄၀ မီလီမီတာ (SVL)

- အထီး ၂၂ - ၃၀ မီလီမီတာ (SVL)

သွင်ပြင်လက္ခဏာများ–

ဦးခေါင်း - ဦးခေါင်းသည်အနေတော်ရှိပြီးနှာရောင်သည်ဝန်းသည်။
မျက်လုံးသည်အပေါ်သို့ထွက်နေပြီးဦးခေါင်းထိပ်ဆီသို့မြင့်တက်နေသည်။
ဦးခေါင်းနှင့်လည်ပင်းတွင်အကြိတ်ဖုစင်း(ride)သို့မဟုတ်ဂလင်းများမပါရှိပေ။

အရောင် - ရေဘူယျအားဖြင့်မီးခိုးရောင်ဖျော့ဖျော့တပြေးတည်းရှိသည်။
ပေါင်တွင်အဖြူရောင်နှင့်အညိုရောင်စင်းကြောင်းကလေးများထင်ရှားစွာပါရှိသည်။

ကျောဘက်မျက်နှာပြင် - ကျောဘက်၌အကျိအချွဲများ၊သေးငယ်သောအဖုကလေးများမြောက်များစွာပါရှိသည်။

ရှေ့လက် - လက်ချောင်းများထိပ်သည်အနည်းငယ်ချွန်သည်။

နောက်ခြေ - နောက်ခြေထောက်သည်အတော်အသင့်ရှည်သည်။
ကိုယ်ခန္ဓာထက်အနည်းငယ်ပိုရှည်သည်။
ခြေချောင်းများကြားတွင်ရေယက်အပြည့်ပါရှိသည်။

နေထိုင်ရာဒေသ - သစ်တောထဲနှင့်ကွင်းပြင်များတွင်တွေ့ရပြီးအများအားဖြင့်ရေထဲ(သို့မဟုတ်)
ရေနီးရာများတွင်တွေ့နိုင်သည်။

(Rama Lateralis - Ranidae)
Phar Thwe - ဖားသွယ်
(or)
Phar paung Sin - ဖားပေါင်စင်း

အရွယ်အစား - ၅၅.၆၅ မီလီမီတာ (SVL)

ပြင်ပသွင်ပြင်လက္ခဏာများ

ဦးခေါင်း - ဦးခေါင်းအသင့်အတင့်ကြီးပြီးနှာရောင်အနည်းငယ်ချွန်သည်။ချောမွတ်သောခေါင်းတွင် အကြိတ်အဖုအစင်းများနှင့်ဂလင်းများမပါရှိပေ။

အရောင် - နှာရောင်မှတင်ပါးဆုံထိကျောဘက်၌အညိုရောင်ဖျော့ဖျော့ရှိသည်။မျက်လုံး၏ဘေးတစ်ဘက်တစ်ချက်စီမှတင်ပါးဆုံထိရွှေရောင်စင်းကြောင်းပါရှိပြီးဘေးဘက်တွင်အညိုရင့်ရောင်နှင့်အဖြူစင်းကလေးများရှိသည်။

ကျောဘက်မျက်နှာပြင် - ရေဘူယျအားဖြင့်ချောမွတ်သည်။သို့သော်ရွှေရောင်အစင်းကြောင်းအောက်တွင်အကြိတ်ဖုအစင်းနှင့်ဂလင်းအိတ်ထင်ရှားစွာပါရှိသည်။

ရှေ့လက် - လက်ချောင်းထိပ်များဝိုင်းဝန်းသည်။

နောက်ခြေ - အသင့်အတင့်ရှည်ပြီးကိုယ်ခန္ဓာထက်ပိုရှည်သည်။ခြေချောင်းများကြားတွင်ရေယက်အပြည့်ပါရှိသည်။

နေထိုင်ရာဒေသ - သစ်တောထဲမှမြေပေါ်တွင်တွေ့နိုင်သည်။

(Rana limnocharis - Ranidae)

Phar Thwe - ဖားသွယ်

(2 or 3 species)

အရွယ်အစား –

Small - အမ 30 - 40 mm / အထီး 24 - 30 mm SVL

Medium အမ 50 - 68 mm / အထီး 42 - 56 mm SVL

Large to 92 mm SVL

ပြင်ပလက္ခဏာများ

ဦးခေါင်း – ဦးခေါင်းသည်အသင့်အတင့်ကြီးပြီးနှာရောင်သည်အနည်းငယ်ချွန်သည်။ဦးခေါင်းသည်ရေဘူယျအားဖြင့်ချောမွတ်ပြီးအကြိတ်အဖုအစင်းများနှင့်ဂလင်းများမပါရှိပါ။

အရောင် – ရေဘူယျအားဖြင့်စိမ်းဝါရောင်ဖျော့ဖျော့မှစိမ်းဝါညိုရောင်ထိအမျိုးမျိုးပြောင်းလဲနိုင်ပြီးတစ်ခါတစ်ရံကျောပေါ်၌အနက်ရောင်အစက်အပြောက်များတွေ့ရတတ်သည်နှာရောင်မှတင် ပါးဆုံထိအဝါရောင်စင်းကြောင်းငယ်တစ်ခုကိုလည်းကျော၏အလယ်တည့်တည့်တွင်တွေ့ရတတ်သည်။ပေါင်မှအဖြူရောင်အညိုရောင်များနှင့်အကွက်သဏ္ဌာန်ရှိသည်။

ကျောဘက်မျက်နှာပြင် – အလျားလိုက်အစင်းတိုလေးများတွေ့ရပြီးကြမ်းတမ်းသည်။

ရှေ့လက် – လက်ချောင်းများထိပ်သည်လုံးဝန်းသည်။

နောက်ခြေ – အသင့်အတင့်ရှည်ပြီးခန္ဓာကိုယ်ထက်ပိုရှည်သည်။ခြေချောင်းများကြားတွင်ရေယက်အပြည့်ပါရှိသည်။

နေထိုင်ရာဒေသက – သစ်တောထဲနှင့်ကွင်းပြင်ပေါ်တွင်၄င်း၊ရေအမြဲစိုစွတ်ရာနေရာများတွင်၄င်းအနေများသည်။

(*Rana macrodactyla* - Ranidae)

Phar Thwe - ဖားသွယ်

<u>အရွယ်အစား</u> – ၃၈ – ၄၂ မီလီမီတာ (SVL)

<u>သွင်ပြင်လက္ခဏာများ</u>

<u>ဦခေါင်း</u> – ဦးခေါင်းသည်အသင့်အတင့်ကြီးပြီးနှာရောင်ချွန်သည်။ဦးခေါင်းသည်ချောမွတ်ပြီးအကြိတ်ဖုစင်းနှင့်ဂလင်းများမပါရှိပေ။

<u>အရောင်</u> – ကျောဘက်၌တောက်ပသောစိမ်းဝါရောင်ရှိပြီးမျက်စိနောက်မှတင်ပါးဆုံထိအဝါရောင်ဖျော့ဖျော့စင်းကြောင်းများပါရှိသည်။ဘေးဘက်၌အစိမ်းရောင်ဖျော့ဖျော့အရောင်ရှိသည်။

<u>ကျောဘက်မျက်နှာပြင်</u> – ရေဘူယျအားဖြင့်ချောမွတ်သော်လည်းအဝါရောင်စင်းကြောင်းအောက်ခြေတွင်သေးမျှင်သောအကြိတ်ဖုဂလင်းများပါရှိသည်။

<u>ရှေ့လက်</u> – လက်ချောင်းများထိပ်သည်အနည်းငယ်ကျယ်ပြန့်သည်။

<u>နောက်ခြေ</u> – အလွန်ရှည်ပြီးသေးသွယ်သည်။ကိုယ်ခန္ဓာထက်သိသာစွာပိုရှည်လျားသည်။ခြေချောင်းများကြားတွင်ရေယက်အသင့်အတင့်သို့မဟုတ်အပြည့်အထိရှိသည်။

<u>နေထိုင်ရာဒေသ</u> – ရေရှိသောစပါးခင်းများနှင့်ရေဝပ်ဧရိယာများတွင်တွေ့နိုင်သည်။

(Rana rugolusa - Raidae)
Phar Thwe - ဖားသွယ်

အရွယ်အစား - အမ ၇၀ - ၁၀၈ မီလီမီတာ (SVL)
အထီး ၆၂ - ၇၈မီလီမီတာ (SVL)

သွင်ပြင်လက္ခဏာများ

ဦးခေါင်း - ဦးခေါင်းအတော်အသင့်ကြီးပြီးနှာရောင်အနည်းငယ်ချွန်သည်။ဦးခေါင်းသည်နူးညံ့ချော မွတ်ပြီးအကြိတ်အဖုအစင်းတန်း(သို့မဟုတ်)ဂလင်းများမပါရှိပါ။

အရောင် - စိမ်းဝါရောင်မှမီးခိုးရောင်များတွေ့ရပြီးအနက်ရောင်အစက်အပြောက်ကြီးများရှိသည်။

ကျောဘက်မျက်နှာပြင် - တိုတောင်းသောအလျားလိုက်အကြိတ်ဖုစင်းတန်းများစွာပါရှိ၍ကြမ်းတမ်း သည်။

ရှေ့လက် - လက်ချောင်းထိပ်ဖျားသည်ဝိုင်းဝန်းသည်။

နောက်ခြေ - နောက်ခြေထောက်သည်အသင့်အတင့်ရှည်ပြီးကိုယ်ခန္ဓာထက်ပိုရှည်သည်။ခြေချောင်းများ ကြားတွင်ရေယက်အပြည့်ပါရှိသည်။

နေထိုင်ရာဒေသ - သစ်တောထဲနှင့်ကွင်းများမှရေနီးရာမြေပေါ်တွင်အမြဲတွေ့ရသည်။

(Tomopterna breciceps - Ranidae)

Phar Kyaung - ဖားကြောင်

အရွယ်အစား – အမ ၅၂ – ၆၂ မီလီမီတာ (SVL)
အထီး ၄၈ – ၅၄ မီလီမီတာ (SVL)

သွင်ပြင်လက္ခဏာများ

ဦးခေါင်း – ဦးခေါင်းအသင့်အတင့်ကြီးပြီးနှာရောင်ဝိုင်းဝန်းသည်။ဦးခေါင်းနှင့်လည်ပင်းတွင်အကြိတ်အဖုစင်း(သို့)ဂလင်းများမပါရှိပါ။

အရောင် – အညိုရင့်ရောင်နှင့်အညိုဖျော့ရောင်အစက်အကွက်ကြီးများတွေ့ရပြီးအဝါဖျော့ရောင်အစက်များနှင့်ရောနှောနေသည်။ပေါင်တွင်အညိုရင့်ရောင်နှင့်အညိုရောင်ဖျော့ဖျော့အရစ်များတွေ့ရသည်။ရွှေဝါရောင်မျက်ခွံရှိသည်။ကျောလယ်တွင်သေးသွယ်သောအဝါရောင်ဖျော့ဖျော့စင်းကြောင်းသည်နှာရောင်မှတင်ပါးဆုံထိသွယ်တန်းနေသည်။

ကျောဘက်မျက်နှာပြင် – အနည်းငယ်ရှည်မောင်းနေသောအကြိတ်ဖုစင်းများပုံသဏ္ဍာန်မမှန်စွာရှိနေပြီးသေးငယ်သောဂလင်းအိတ်များစွာရှိသည်။

ရှေ့လက် – လက်ချောင်းထိပ်ဝိုင်းဝန်းပြီးအနည်းငယ်ကျယ်ပြန့်သည်။

နောက်ခြေ – နောက်ခြေအသင့်အတင့်ရှည်ပြီးကိုယ်ခန္ဓာထက်အနည်းငယ်ပိုရှည်သည်။ခြေချောင်းများကြားတွင်ရေယက်အနည်းငယ်မျှသာပါရှိသည်။ဖနောင့်တွင်လခြမ်းပုံအသွားပြားပါရှိသည်။

နေထိုင်ရာဒေသ – သစ်တောထဲနှင့်လယ်ကွင်းများမှမြေပေါ်တွင်နေထိုင်သည်။

**(Chirixalus nongkhoensis - Rhacophoridae)**

**Phar Pyan** - ဖားပျံ

အရွယ်အစား - အမ ၃၀ - ၃၄ မီလီမီတာ (SVL)
အထီး ၂၃ - ၃၁ မီလီမီတာ (SVL)

သွင်ပြင်လက္ခဏာများ

။ ဦးခေါင်း - ဦးခေါင်းသည်အလားတော်သာကြီးပြီးနှာရောင်ချွန်သည်။လည်ပင်းနှင့်ဦးခေါင်းသည်ချော မွတ်သည်။

အရောင် - ကျောဘက်၌ အဝါရောင်ဖျော့ဖျော့မှ အစိမ်းရောင်ဖျော့ဖျော့အရောင်အစက်အကွက်သ ဏ္ဍာန်ပါရှိသည်။
ဦးခေါင်း၏ဘေးဘက်မှပခုံးဘက်အထိအညိုရောင်ဖျော့ဖျော့အကြောင်းပါရှိပြီးအထက် နှုတ်ခမ်းသည်အဖြူရောင်ရှိသည်။
ပေါင်တွင်လည်း အရောင်ဖျော့ဖျော့ရှိသည်။

ကျောဘက်မျက်နှာပြင် - ချောမွတ်နူးညံ့ချောမွေ့သည်။

ရှေ့လက် - လက်ချောင်းများထိပ်သည်အလွန်ကျယ်ပြန့်ပြီးဝိုင်းဝန်းသည်။

နောက်ခြေ - နောက်ခြေထောက်သည်ရှည်ပြီးကိုယ်ခန္ဓာထက်အနည်းငယ်ပိုရှည်သည်။ခြေချောင်းများ တွင်ရေယက်သည်တစ်ဝက်ခန့်သာရှိသည်။ခြေချောင်းများထိပ်သည်ကျယ်ပြန့်သည်။

နေထိုင်ရာဒေသ - သစ်ပင်များပေါ်နှင့်တောအစွန်များ၊ခြံစည်းရိုးတန်းများတွင်အတွေ့များသည်။

**(<u>Polypedates</u> <u>Leucomvstax</u> - rhacophoride)**

**Phar Pyan** - ဖားပျံ

<u>အရွယ်အစား</u> – အမ ၇၄ – ၇၈ မီလီမီတာ (SVL)
အထီး ၄၈ – ၆၀ မီလီမီတာ (SVL)

<u>သွင်ပြင်လက္ခဏာများ</u>

<u>ဦးခေါင်း</u> – ဦးခေါင်းသည်အသင့်အတင့်မှပို၍ကြီးနိုင်သည်။နှာရောင်သည်ချွန်သလိုလိုဖြစ်ပြီးဦးခေါင်းနှင့်လည်ပင်းပိုင်းသည်ချောမွတ်သည်။


<u>အရောင်</u> – ကျောလယ်၌ညိုဝါရောင်အညိုရောင်ထိရှိပြီးအနက်ရောင်အပြောက်များတွေ့နိုင်သည်။ ဦးခေါင်းဘေးဘက်မှပုခုံးအထိ အညိုရောင်ရှိပြီးအထက်နှုတ်ခမ်းသည်ဖြူသည်။ပေါင်၌အညိုရောင်ပေါ်တွင်သေးငယ်သောအဖြူပြောက်ကလေးများတွေ့နိုင်သည်။

<u>ကျောဘက်မျက်နှာပြင်</u> – ချောမွတ်သည်။

<u>ရှေ့လက်</u> – လက်ချောင်းများထိပ်သည်ဝိုင်းဝန်းပြီးကျယ်ပြန့်သည်။


<u>နောက်ခြေ</u> – နောက်ခြေထောက်သည်ရှည်ပြီးကိုယ်ခန္ဓာထက်အနည်းငယ်ပိုရှည်သည်။ ခြေချောင်းများကြားတွင်ရေယက်သည်တစ်ဝက်ခန့်သာပါရှိပြီးထိပ်ပိုင်းသည်ကျယ်ပြန့်သည်။

<u>နေထိုင်ရာဒေသ</u> – သစ်ပင်များပေါ်တွင်နေသည်။သစ်တောအစွန်ဖျားနှင့်လယ်စည်းရိုးတန်းတွင်လည်း အတွေ့များသည်။







*(Rana limnocharis - Ranidae)*
**Phar Thwe - ဖားသွယ်**




*(Rana macrodactyla - Ranidae)*
**Phar Thwe - ဖားသွယ်**




(*Rana regolusa - Raidae*)
Phar Thwe - ဖားသွယ်



*(Occidozyga lima - Ranidae)*
**Phar Ta Let - ဖားတလက်**




*(Kalophrynus pleurostigmata - Microhylidae)*
**Phar SiNe** - ဖားစေးနဲ



*(Rana lateralis - Ranidae)*
**Phar Thwe** - ဖားသွယ်
**(or)**
**Phar paung Sin** - ဖားပေါင်စင်း



*(Chirixalus nongkhoensis - Rhacophoridae)*
**Phar Pyan - ဖားပြုံ**



*(Polypedates leucomystax - rhacophoride)*
**Phar Pyan - ဖားပြုံ**